# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ သြဂုတ်လ (၇) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၉:၄၇) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၈,၆၁၄,၁၇၇) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၇၀၂,၆၄၂) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၆-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၅-၈-၂၀၂၀) | (၆-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၄,၆၇၈,၆၁၀ | ၄,၇၂၈,၂၃၉ | ၄၉,၆၂၉ | ၁၅၆,၀၅၀ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၂,၇၅၀,၃၁၈ | ၂,၈၀၁,၉၂၁ | ၅၁,၆၀၃ | ၉၅,၈၁၉ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၁,၉၀၈,၂၅၄ | ၁,၉၆၄,၅၃၆ | ၅၆,၂၈၂ | ၄၀,၆၉၉ |
| ၄။ | ရုရှ | ၁၄၃.၉ | ၈၆၆,၆၂၇ | ၈၇၁,၈၉၄ | ၅,၂၆၇ | ၁၄,၆၀၆ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၂၁,၃၁၈ | ၅၂၉,၈၇၇ | ၈,၅၅၉ | ၉,၂၉၈ |
| ၆။ | မက္ကဆီကို | ၁၂၈.၉ | ၄၄၃,၈၁၃ | ၄၄၉,၉၆၁ | ၆,၁၄၈ | ၄၈,၈၆၉ |
| ၇။ | ပီရူး | ၃၂.၉ | ၄၃၃,၁၀၀ | ၄၃၉,၈၉၀ | ၆,၇၉၀ | ၂၀,၀၀၇ |
| ၈။ | ချီလီ | ၁၈.၃ | ၃၆၂,၉၆၂ | ၃၆၄,၇၂၃ | ၁,၇၆၁ | ၉,၇၉၂ |
| ၉။ | ကိုလံဘီယာ | ၄၉.၈ | ၃၂၇,၈၅၀ | ၃၃၄,၉၇၉ | ၇,၁၂၉ | ၁၁,၃၁၅ |
| ၁၀။ | အီရန် | ၈၂.၈ | ၃၁၄,၇၈၆ | ၃၁၇,၄၈၃ | ၂,၆၉၇ | ၁၇,၈၀၂ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၆-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၅-၈-၂၀၂၀) | (၆-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၈၁,၁၃၆ | ၂၈၁,၈၆၃ | ၇၂၇ | ၆,၀၃၅ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၄၄,၀၂၀ | ၂၄၆,၆၇၄ | ၂,၆၅၄ | ၃,၂၆၇ |
| (ဂ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၁၅,၀၅၆ | ၁၁၆,၈၇၁ | ၁,၈၁၅ | ၅,၄၅၂ |
| (ဃ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၁၂,၅၉၃ | ၁၁၅,၉၈၀ | ၃,၃၈၇ | ၂,၁၂၃ |
| (င) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၈,၆၈၂ | ၈၈,၈၀၄ | ၁၂၂ | ၄,၆၈၄ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၃,၃၄၆ | ၅၄,၂၅၄ | ၉၀၈ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၂၈ | ၃,၃၃၀ | ၂ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၆၇၂ | ၇၁၇ | ၄၅ | ၈ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၅၇ | ၃၅၉ | ၂ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန